
Martial Arts Panel
Techniques
Gale Knife Technique (Lv. 1)
Level Up (3 EP)
ငါ့မှာ ရွှေလက်ချောင်း ရှိတယ်
B&B Translation
'စာစဉ် - ၂၀'

ငါ့မှာ ရွှေလက်ချောင်းရှိတယ်
(စာစဉ် -၂၀)
အခန်း (၁၉၁)
လှိုဂုံကျွန်းမြေမှ အခွင့်အရေး
*

"မင်း... မင်းက ဘယ်လိုလုပ်ပြီး..."

ဖုန်းချန်ကောမှာ မျက်မှောင်ကြုတ်လိုက်လေသည်။ အစပိုင်းတွင် သူသည် ရှုပ်ထွေးသွားခဲ့သော်လည်း နောက်ပိုင်း၌ ထိတ်လန့်သွားလေတော့သည်။

ရှီနင်က သူ၏ဒဏ်ရာကို စမ်းကြည့်လိုက်သည်။

မိုးကြိုးဓားတံဆိပ် ဖောက်ဝင်သွားခဲ့သော နေရာသည် လုံးဝပျောက်ကင်းသွားခဲ့ချေပြီ။ စုတ်ပြဲနေသောအဝတ်အစားနှင့် သွေးကွက်အချို့ကသာ ရှီနင် ယခုလေးတင် ဒဏ်ရာရထားခဲ့ကြောင်း သက်သေပြနေလေသည်။

ဖုန်းချန်ကော၏ သတ်ဖြတ်လိုသော ရည်ရွယ်ချက်ကို ရှီနင် ကြိုတင်သတိပြုမိထားခဲ့လေသည်။

ထို့ကြောင့် ရှီနင်သည် အလစ်ဝင်တိုက်ခိုက်ခံရမည့်အရေးအတွက် အသင့်ပြင်ထားခဲ့ခြင်းဖြစ်သည်။

မိုးကြိုးဓားမှာ သူ၏ရင်ဘတ်ကို ဖောက်ဝင်သွားချိန်တွင် ရှီနင်၏ ရည်ရွယ်ချက်ရှိရှိ ရှောင်တိမ်းမှုနှင့် ခုခံမှုများကြောင့် ထိုတိုက်ခိုက်မှုမှာ မည်သည့်အတွင်းဒဏ်ရာကိုမျှ မဖြစ်ပေါ်စေခဲ့ပေ။ ထို့အပြင် နှလုံးကိုပါ ရှောင်လွှဲနိုင်ခဲ့

သဖြင့် ရင်ဘတ်နှင့် ကျောကုန်းတွင်သာ ဒဏ်ရာ ရရှိခဲ့လေသည်။

ဤမျှသေးငယ်သော ဒဏ်ရာမျိုးကိုမူ အရိုး မီးလျှံသမထကျင့်စဉ်အား အသက်သွင်းလိုက်သည်နှင့် ရှီနင်တစ်ယောက် လျင်မြန်စွာ ပြန်လည်သက်သာလာခဲ့ပေသည်။

"အံ့ဩသွားတာလား"

ရှီနင်က သူ၏မျက်နှာကို အစစ်အမှန်ချီစွမ်းအင်ဖြင့် သုတ်သင်လိုက်ရာ မူလရုပ်သွင်သို့ ပြန်လည်ရောက်ရှိသွားလေတော့သည်။

"မင်းက တကယ့်ကို မိစ္ဆာဂိုဏ်းက သိုင်းပညာရှင်ပဲ။ ရက်စက်ကြမ်းကြုတ်သလို ပြတ်လည်းပြတ်သားတယ်။ မင်းရဲ့ဒုတိယဂိုဏ်းချုပ်ကိုတောင် တုံ့ဆိုင်းမနေဘဲ သတ်ပစ်ခဲ့တာပဲ"

ဖုန်းချန်ကော၏ လုပ်ရပ်များမှာ ရက်စက်လွန်းသည်ဟု ရှီနင် ခံစားလိုက်ရသည်။

ဖုန်းချန်ကောသည် ဟွမ်ဖုံးရှောင့်နှင့် ရှန့်နန်ချွမ်းတို့၏ ပြဿနာကို သိသာစွာ သတိမထားမိခဲ့သော်လည်း မိစ္ဆာသွေးဆေးလုံး၏ ဆေးဖော်စပ်နည်းနှင့် ပါဝင်ပစ္စည်းများကို ကာကွယ်ရန်အတွက် ထိုနှစ်ယောက်ကို သတ်ပစ်ခဲ့ခြင်း ဖြစ်လေသည်။

"မင်းက ဘယ်သူလဲ"

ဖုန်းချန်ကောမှာ အနည်းငယ် ရှုပ်ထွေးသွားရသည်။

ရှန့်နန်ချွမ်း၏ နောက်လိုက်က ဘယ်လိုလုပ်ပြီး ရုတ်တရက် အခြားလူတစ်ယောက် ဖြစ်သွားရသနည်း။

ရှီနင်က ပြုံးလိုက်ပြီး ပြောလိုက်သည်။ "မင်း ငါ့ကို ကျေးဇူးတင်သင့်တယ် မဟုတ်ဘူးလား။ ငါသာ မရှိရင် ဒီမိစ္ဆာသွေးဆေးလုံးက အောင်အောင်မြင်မြင် ဖော်စပ်နိုင်မှာ မဟုတ်ဘူး"

ဖုန်းချန်ကော၏ ဦးနှောက်များမှာ ထူပူသွားရလေသည်။

မကြာမီတွင် သူ အသိဝင်လာပြီး တုန်ရီနေသော လက်ညှိုးဖြင့် ရှီနင်ကို ညွှန်ကာ "မိစ္ဆာသွေးဆေးလုံးကို မင်း တစ်ခုခု လုပ်လိုက်တာလား" ဟု မေးလိုက်၏။

"တစ်ခုခု လုပ်လိုက်တာလား ဟုတ်လား"

ရှီနင်က စဉ်းစားဟန်ဆောင်လိုက်သည်။ "ဖြစ်နိုင်တာပေါ့၊ ငါ မိစ္ဆာသွေးဆေးလုံးထဲကို ကျပန်းပါဝင်ပစ္စည်းတချို့ ထည့်လိုက်ရုံလေးပါ။ အဲဒီပါဝင်ပစ္စည်းတွေက နတ်ဆိုးသွေးဆေးလုံးကြီးရဲ့ ဆေးစွမ်းကို မထိခိုက်စေပါဘူး။ နတ်ဆိုးသွေးပြောင်းလဲတဲ့ လုပ်ငန်းစဉ်ကို နည်းနည်းလေး ဆွဲဆန့်ပေးရုံတင်ပါ"

ယခင်ကတည်းက ရှီနင်သည် ရှန့်နန်ချွမ်းက နတ်ဆိုးသွေးဆေးလုံးကြီးအား အကြိမ်ကြိမ်

ဖော်စပ်နေသည်ကို စောင့်ကြည့်ခဲ့ပြီး သူ ကျရှုံးသွားပြီးနောက် ဆေးဘက်ဝင်ပစ္စည်းများကို စိစစ်ကာ ဆေးစွမ်းအာနိသင် ပြောင်းလဲမှုများကို လေ့လာခဲ့သည်။ သူ၏ နက်ရှိုင်းသော ဆေးပညာဗဟုသုတဖြင့် နတ်ဆိုးသွေးဆေးလုံးကြီး၏ ဖော်စပ်မှုအခြေခံသဘောတရားများအပြင် ၎င်း၏ အာနိသင်နှင့် လုပ်ငန်းစဉ်များကိုပါ အပြည့်အဝ နားလည်ထားပြီး ဖြစ်လေသည်။

အရာအားလုံးကို နားလည်သွားပြီးနောက် ရှီနင်သည် သူ၏ ဆေးပညာဗဟုသုတအပေါ် အခြေခံ၍ ဆေးမှုန့်အချို့ကို ရောနှောထည့်သွင်းခဲ့သည်။

ရောနှောထားသော ဆေးမှုန့်များမှာ အဆိပ်မရှိသော်လည်း လူ့ခန္ဓာကိုယ်အပေါ် သက်ရောက်မည့် မိစ္ဆာသွေးဆေးလုံး၏ အာနိသင်ကို ပြောင်းလဲစေနိုင်ပြီး မိစ္ဆာသွေး ပြောင်းလဲသည့်

လုပ်ငန်းစဉ်ကို နှောင့်နှေးစေနိုင်ပေသည်။

သူ့ရှေ့မှ လူငယ်လေးသည် အစွမ်းထက်သော ဆေးပညာရှင်တစ်ဦးဖြစ်ကြောင်း ဖုန်းချန်ကော နောက်ဆုံးတွင် သဘောပေါက်သွားတော့သည်။

ထို့အပြင် သူ့စကားအရဆိုလျှင် ဤမိန်းမ သွေးဆေးလုံးမှာ သူ၏ အကူအညီဖြင့် အောင်မြင်စွာ ဖော်စပ်နိုင်ခဲ့ခြင်း ဖြစ်ပုံရလေသည်။

"မင်းက ရှန့်နန်ချွမ်းရဲ့ လက်ထောက်ဆေးပညာရှင် မဟုတ်ဘူးလား"

ဖုန်းချန်ကောသည် အမှန်တရားကို သိချင်နေဆဲပင်။

"ဟုတ်တာ မဟုတ်တာက အရေးမကြီးပါဘူး"

ရှီနင်သည် ဖုန်းချန်ကောရှေ့သို့ တစ်လှမ်းချင်း လျှောက်သွားလိုက်သည်။ "မကြာသေးခင်က မင်းသွားခဲ့တဲ့ လျှို့ဝှက်နယ်မြေက ဘယ်နေရာမှာ

လဲဆိုတာပဲ ငါ သိချင်တယ်"

ဖုန်းချန်ကော အံ့အားသင့်သွားပြီးနောက် ရှုံးသွပ်စွာ ရယ်မောလေတော့သည်။

"မင်းက လှို့ဝှက်နယ်မြေကို သိချင်ရုံလေးနဲ့ ဒီလောက်တောင် အားထုတ်ခဲ့တာလား"

ဖုန်းချန်ကော၏ မျက်နှာထားမှာ ရက်စက်ကြမ်းကြုတ်နေသည်။ "ဒါပေမဲ့ မင်းကို ဘာလို့ပြောပြရမှာလဲ"

ဤအချိန်တွင် သူကြုံတွေ့နေရသော အဖြစ်မှန်ကို ဖုန်းချန်ကော သဘောပေါက်လိုက်သည်။

ယခုအခါ သူ၏ စစ်မှန်သောချီနှင့် စွမ်းအင်များပြန့်ကျဲသွားပြီဖြစ်ရာ ဤလူကို ပြန်လည်ရင်ဆိုင်နိုင်စွမ်း မရှိတော့ချေ။

အကယ်၍ အသက်ရှင်ချင်ပါက သူ၏ တန်ဖိုးကို ထိန်းသိမ်းထားရပေမည်။

လှို့ဝှက်နယ်မြေ၏ တည်နေရာကို ပြောပြလိုက်

သည်နှင့် သူသည် တန်ဖိုးမဲ့သွားပြီး အသတ်ခံရပေလိမ့်မည်။

"မြန်မြန်ပြောဖို့ ငါ အကြံပေးချင်တယ်။ မဟုတ်ရင်တော့ မလိုလားအပ်တဲ့ နာကျင်မှုတွေကို ခံစားရလိမ့်မယ်"

သွေးစွန်းနေသော ဖုန်းချန်ကော၏လက်များကို ရင်ဆိုင်ရာတွင် ရှီနင်က မည်သည့် သနားညှာတာမှုမျှ မပြသခဲ့ပေ။

"နာကျင်မှု ဟုတ်လား"

ဖုန်းချန်ကောက ပြုံးလိုက်သည်။ "ငါက ကျိဖုန်းပြည်နယ်မှာ ဆယ်စုနှစ်ချီပြီး နေလာတာ၊ ဘာတွေများ မကြုံဖူးလို့လဲ။ ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုဆိုတာ ငါ့အတွက် ဘာမှမဟုတ်တော့ဘူး"

"ငါက ဆေးပညာရှင်ဆိုတာ မင်း မေ့နေတာပဲ"

ရှီနင်၏ မျက်လုံးများ ကျဉ်းမြောင်းသွားသည်။ "အမှန်တရားဆေးလုံးဆိုတဲ့ ဆေးအကြောင်း

မင်း သိလား"

"အမုန်တရားဆေးလုံးကို သုံးပြီး ငါ့လျှို့ဝှက်ချက်တွေကို အတင်းဖွင့်ပြောခိုင်းချင်တာလား"

ဖုန်းချန်ကောက ရယ်မောလိုက်ပြီး လုံး၀ ဂရုမစိုက်ပေ။ မိစ္ဆာလမ်းစဉ်မှ သိုင်းပညာရှင်တစ်ဦးအနေဖြင့် သူသည် အရာအားလုံးကို အစွန်းရောက်သည်အထိ လုပ်ဆောင်တတ်သည်။ အမုန်တရားဆေးလုံးကိုသုံး၍ အခြားသူများကို လှည့်စားခြင်းမှာ အတိတ်တုန်းက သူ မကြာခဏ လုပ်လေ့ရှိသော ကိစ္စပင်ဖြစ်သည်။

ထို့ကြောင့် ဖုန်းချန်ကောသည် အမုန်တရားဆေးလုံးနှင့် အလွန်ရင်းနှီးနေလေသည်။

"အမုန်တရားဆေးလုံးက ကောင်းပေမယ့် ဘယ်သူ့အပေါ် သုံးသလဲဆိုတာအပေါ် မူတည်သေးတယ်"

ဖုန်းချန်ကောမှာ အကြောက်အလန့် မရှိပေ။ "အမှန်တရားဆေးလုံးကို သုံးဖို့ ကြိုတင်လိုအပ်ချက်က တော်တော်လေး ကြမ်းတမ်းတယ်။ ပစ်မှတ်ရဲ့ စိတ်ပိုင်းဆိုင်ရာကို ညှဉ်းပန်းနှိပ်စက်ပြီး သူတို့ရဲ့ အသိတရားအားလုံးကို ဆုံးရှုံးသွားအောင် လုပ်နိုင်မှသာ အမှန်တရားဆေးလုံးရဲ့ အာနိသင်က အစွမ်းပြနိုင်တာ"

"မင်းက စိတ်ဓာတ်မကြံ့ခိုင်တဲ့ ဂိုဏ်းသားတွေကို ညှဉ်းပန်းနှိပ်စက်ရင်တော့ အလုပ်ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမဲ့ ငါ့အတွက်ကတော့ လုံးဝ အလုပ်ဖြစ်မှာ မဟုတ်ဘူး။ ငါတို့ မိစ္ဆာကျင့်ကြံသူတွေရဲ့ သိုင်းပညာဆန္ဒက ကျောက်တုံးလို ခိုင်မာတယ်၊ ငါကိုယ်တိုင်ပြောရရင် ဖျက်ဆီးလို့မရဘူး။ မင်းတစ်ယောက်တည်းနဲ့ ငါ့စိတ်ကို လှုပ်ခတ်နိုင်မှာ မဟုတ်ဘူး"

ဖုန်းချန်ကောသည် ရှီနင်ကို ထိန်းချုပ်ထား

နိုင်သည်ဟု ခံစားလိုက်ရသည်။

ဖုန်းချန်ကောသည် သူ၏ခန္ဓာကိုယ်မှ ပြောင်းလဲမှုများကို ဖြည်းညင်းစွာ ခံစားလိုက်ရသည်။

သူ၏သွေးများက ပူလောင်သော ခံစားမှုကို စတင်ဖြစ်ပေါ်စေလေသည်။

ဤသည်မှာ မိစ္ဆာသွေးများ ဖြစ်ပေါ်လာတော့မည့် လက္ခဏာပင်။

'ငါ့ရှေ့ကလူက မိစ္ဆာသွေးဆေးလုံးရဲ့ မိစ္ဆာသွေးဖန်တီးဖို့ လိုအပ်တဲ့အချိန်ကို နှောင့်နှေးစေရုံပဲ။ သူက ဆေးစွမ်းကို လုံး၀ ပြောင်းလဲပစ်တာမဟုတ်ဘူး။ ငါ အချိန်လုံလုံလောက်လောက်ဆွဲထားနိုင်သရွေ့ မိစ္ဆာသွေးဖန်တီးမှုကို အဆုံးသတ်နိုင်ပြီး တာအိုနယ်ပယ်ကို တက်လှမ်းနိုင်လိမ့်မယ်'

သူ၏ခန္ဓာကိုယ် စတင်ပြောင်းလဲလာ

သော်လည်း ဖုန်းချန်ကော၏ မျက်နှာထားမှာ ပြောင်းလဲခြင်း မရှိပေ။ သူက သေရမည်ကို မကြောက်ရွံ့သကဲ့သို့ ဆက်လက်ဟန်ဆောင်နေလေသည်။

'ငါ တာအိုနယ်ပယ်ကို ရောက်သွားတဲ့အခါ ဒီကောင်ကို အပိုင်းပိုင်းအတစ်တစ် ခုတ်ထစ်ပစ်မယ်'

ဖုန်းချန်ကောက သူ၏အမုန်းတရားများကို ဖိနှိပ်ထားလိုက်သည်။

ရှီနင်က ဖုန်းချန်ကောကို ကြည့်ကာ ခေါင်းခါလိုက်သည်။

ဖုန်းချန်ကော၏ ခန္ဓာကိုယ်မှ ပြောင်းလဲမှုများကို သူ သတိထားမိထားပြီး ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဖုန်းချန်ကောကို မိစ္ဆာသွေးဖန်တီးရန် လုံလောက်သောအချိန် ရှီနင်ပေးမည် မဟုတ်ပေ။

"အဓိပ္ပာယ်မရှိတာတွေ တော်လိုက်တော့"

ရွှီနင်သည် အနက်ရောင်နှင့် အပြာရောင်ရှိသော ဆေးနှစ်လုံးကို ထုတ်ယူလိုက်သည်။

သူက ဖုန်းချန်ကော၏ ရင်ဘတ်ကို ပုတ်လိုက်ပြီး အနက်ရောင်ဆေးလုံးကို ဖုန်းချန်ကော၏ ပါးစပ်ထဲ ထည့်ကာ အတင်း မြိုချခိုင်းလိုက်လေသည်။

"မင်း ငါ့ကို အမှန်တရားဆေးလုံးတွေ ကျွေးနေလည်း အလကားပဲ"

ဖုန်းချန်ကောမှာ လုံးဝ မကြောက်ရွံ့ပေ။

"မင်း သေသေချာချာ မကြည့်လိုက်ဘူးပဲ။ အခုလေးတင် ငါ မင်းကို ကျွေးလိုက်တဲ့ ဆေးက အမှန်တရားဆေးလုံး မဟုတ်ဘူး၊ နှလုံးသားမိစ္ဆာဆေးလုံးပဲ"

ရွှီနင် ပြုံးလိုက်သည်။

"နှလုံးသားမိစ္ဆာဆေးလုံး ဟုတ်လား၊ အဲဒါက

ဘာလဲ"

ဤဆေးအကြောင်း ဖုန်းချန်ကော ကြားဖူးသည်မှာ ပထမဆုံးအကြိမ် ဖြစ်လေသည်။

ထိုဆေး၏ နာမည်က မိစ္ဆာဆေးတစ်လုံးနှင့် ပိုတူနေပေသည်။

"မင်းရဲ့ အတွင်းစိတ်ထဲက မိစ္ဆာကို သွေးဆောင်မယ့် ဆေးတစ်လုံးပဲ"

ရှီနင်က တိုတိုတုတ်တုတ် ပြန်ဖြေလိုက်သည်။

ဤနှလုံးသားမိစ္ဆာဆေးလုံးမှာ လုံးဝ ပုံမှန်မဟုတ်သော ဆေးတစ်မျိုးဖြစ်ပြီး ပုံမှန်အားဖြင့် အသုံးပြုလေ့မရှိပေ။

သွေးတစ္ဆေဂိုဏ်းသို့ မလာမီ လုံလောက်သော ကြိုတင်ပြင်ဆင်မှုများ မလုပ်ခဲ့ပါက ရှီနင်သည် ထိုဆေးကို ဖော်စပ်ခဲ့မည် မဟုတ်ချေ။

အကယ်၍ မြိုချလိုက်သူ၏ နှလုံးသားထဲတွင် အစွမ်းထက်သော အတွင်းမိစ္ဆာ ရှိနေပါက

နှလုံးသားမိစ္ဆာဆေးလုံးကို စားပြီးနောက် ၎င်းသည် ၎င်းတို့၏ ရင်ထဲရှိ အဆိုးမြင်စိတ်များကို နှိုးဆွပေးမည်ဖြစ်ကာ အသိတရားများ ဆုံးရှုံးသွားစေပြီး စိတ်ပိုင်းဆိုင်ရာ လုံးဝ ပြိုလဲသွားစေနိုင်သလို သတိလစ်သွားသည်အထိပင် ဖြစ်စေနိုင်ပေသည်။

ယေဘုယျအားဖြင့် သာမန်သိုင်းပညာရှင်များ၏ ရင်ထဲရှိ အဆိုးမြင်စိတ်များမှာ အကန့်အသတ် ရှိလေသည်။ ၎င်းတို့သည် နှလုံးသားမိစ္ဆာဆေးလုံးကို စားမိပါကလည်း သူတို့၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကိုသာ အများဆုံး သက်ရောက်နိုင်ပေလိမ့်မည်။

စိတ်သန့်စင်သူတစ်ဦးက စားမိပါက မည်သည့် အာနိသင်မျှပင် ရှိမည်မဟုတ်ချေ။

သို့သော် ဖုန်းချန်ကောသည် အစွမ်းထက်သော မိစ္ဆာလမ်းစဉ် သိုင်းပညာရှင်တစ်ဦး ဖြစ်သည်။

သူသည် အခက်အခဲများစွာကို ကြုံတွေ့ခဲ့ရပြီး ခိုင်မာသော စိတ်နေသဘောထား ရှိသော်လည်း နှစ်များတစ်လျှောက် သူ စုဆောင်းထားခဲ့သော အဆိုးမြင်စိတ်များမှာ ကြောက်မက်ဖွယ်ကောင်း လှသည်။

ဖုန်းချန်ကောသည်လည်း တစ်ခုခု မှားယွင်းနေ ကြောင်း သဘောပေါက်သွားလေသည်။

ထင်ထားသည့်အတိုင်းပင် သူ ထင်ယောင်ထင်မှား ဖြစ်နေကြောင်း ဖုန်းချန် ကော ခံစားလိုက်ရသည်။

သူ သတ်ဖြတ်ခဲ့ဖူးသူများ၊ သူ မေ့နေခဲ့သော သူများပင် သူ့ရှေ့၌ ဆက်တိုက် ပေါ်လာကြ သည်။

ထိုပုံရိပ်များသည် လူမျက်နှာများအဖြစ်သို့ မ ပြောင်းလဲမီ မီးခိုးငွေ့များအဖြစ်သို့ ပြောင်းလဲ သွားကြသည်။ သူတို့မှာ ရန်းကန်၊ ဟိန်းဟောက်

ကာ အော်ဟစ်နေကြပြီး သူ့ရှေ့သို့ ပြေးဝင်လာကာ စတင် ကိုက်ခဲကြလေတော့သည်။

"ထွက်သွားကြစမ်း"

ဖုန်းချန်ကောမှာ ၎င်းတို့အား ဖယ်ရှားရန် အစွမ်းကုန် ကြိုးစားခဲ့သော်လည်း အလကားပင်။

မီးခိုးမျက်နှာများသည် ပိုမိုများပြားလာပြီး ပြေးဝင်လာကာ မကြာမီမှာပင် သူ့ကို လွှမ်းမိုးသွားလေသည်။ ခေတ္တမျှကြာသောအခါ စိတ်ပိုင်းဆိုင်ရာ နာကျင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုတို့ကြားတွင် ဖုန်းချန်ကော ခွဲခြားမရနိုင်တော့ချေ။

ရှီနင်သည် ဘေးမှရပ်ကာ ဖုန်းချန်ကော ရုန်းကန်နေသည်ကို ကြည့်နေလေသည်။ 'ဒီနှလုံးသားမိစ္ဆာဆေးလုံးက မိစ္ဆာဂိုဏ်းက သိုင်းပညာရှင်တွေနဲ့ ရင်ဆိုင်ရတဲ့အခါ တော်တော်

လေး အသုံးဝင်တာပဲ...’

သို့သော် နှလုံးသားမိစ္ဆာဆေးလုံးကို ဖော်စပ်ရသည်မှာ အလွန်တရာ ဒုက္ခများလှပြီး ပါဝင်ပစ္စည်းများ ရှာဖွေရသည်မှာလည်း ခက်ခဲလှပေသည်။

ထို့အပြင် တစ်စုံတစ်ယောက်သည် စိတ်အာရုံကျင့်စဉ်ကို လေ့ကျင့်ထားပါက နှလုံးသားမိစ္ဆာဆေးလုံး၏ အာနိသင်ကို ခုခံနိုင်ပေသည်။

ထို့ကြောင့် နှလုံးသားမိစ္ဆာဆေးလုံးမှာ လူကြိုက်မများလှဘဲ သိရှိသူ များများစားစား မရှိခြင်း ဖြစ်လေသည်။

"အား..."

ဖုန်းချန်ကောတစ်ယောက် စတင် အော်ဟစ်လေတော့သည်။

သူ ဘာတွေမြင်နေရသည်ကို ရှီနင် မသိသော်လည်း သူ၏ မျှော်လင့်ချက်ကင်းမဲ့နေမှုကို

မှု ခံစားမိနိုင်ပေသည်။

ဖူး...

ရုတ်တရက် ဖုန်းချန်ကောသည် သွေးတစ်ပွက် ထပ်မံအန်ချလိုက်လေသည်။

သူသည် မိစ္ဆာသွေးကို ဖြည်းညင်းစွာ ဖန်တီးနိုင်ခဲ့မည် ဖြစ်သော်လည်း သူ၏ စိတ်ပိုင်းဆိုင်ရာ ပြိုလဲသွားပြီးနောက် ဖုန်းချန်ကော၏ မိစ္ဆာသွေး ဖန်တီးမှုမှာ ကျရှုံးသွားခဲ့ချေပြီ။

"ငါ တာအိုနယ်ပယ်ကို တက်လှမ်းပြီး မင်းတို့ အားလုံးကို သတ်ပစ်မယ်"

ဖုန်းချန်ကောသည် အဓိပ္ပာယ်မရှိသည်များကို စတင် ပြောဆိုလာတော့သည်။

နောက်ဆုံးတွင် ဆယ့်ငါးမိနစ်အကြာ၌ ဖုန်းချန်ကောသည် သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း ဆုံးရှုံးသွားလေတော့သည်။

အချိန်ကျပြီဖြစ်ကြောင်း ရှီနင် သိလိုက်သဖြင့်

အမှန်တရားဆေးလုံးကို ဖုန်းချန်ကော၏ ပါးစပ်ထဲ ထိုးသိပ်ထည့်လိုက်လေသည်။

အမှန်တရားဆေးလုံးကို စားပြီးနောက် ဖုန်းချန်ကောသည် လုံးဝ တိတ်ဆိတ်သွားပြီး သူ၏ မျက်လုံးများမှာ ဟာလာဟင်းလင်း ဖြစ်နေတော့သည်။

"ဖုန်းချန်ကော၊ ငါ မေးမယ်။ မင်း မိစ္ဆာသွေးဆေးလုံးရဲ့ ဆေးဖော်စပ်နည်းကို ရခဲ့တဲ့ လှိုဏ်ဂူကနယ်မြေက ဘယ်မှာလဲ"

ရှီနင်က အရေးကြီးသော မေးခွန်းကို မေးလိုက်သည်။

"လှိုဏ်ဂူကဆန်းကြယ်နယ်မြေက ချွင်းကူပြည်နယ်က ယွင်ဖုန်းရေကန်မှာပါ"

ဖုန်းချန်ကောမှာ မိန်းမောတွေဝေနေသည်။ သူ၏ မျက်နှာထားမှာ တောင့်တင်းနေပြီး စကားလုံးများမှာ စက်ရုပ်တစ်ရုပ်ကဲ့သို့ ဖြစ်နေ

လေသည်။

"ချင်းကူပြည်နယ်၊ ယွင်ဖုန်းရေကန်..."

ရှီနင် ထိုနေရာကို မှတ်သားလိုက်သည်။

"အဲဒီလို မြှုပ်နှံထားတဲ့မြေမှာ ဘာလိုမြှုပ်ချက်တွေ ရှိလဲ။ အဲဒီမှာ မင်း ဘယ်လိုအတွေ့အကြုံတွေ ရခဲ့လဲ။ မင်း ဘာတွေရခဲ့ပြီး အဲဒါတွေကို ဘယ်မှာ ဝှက်ထားလဲ"

ရှီနင်က သူသိချင်သော မေးခွန်းအားလုံးကို ပစ်မေးလိုက်လေသည်။

ဖုန်းချန်ကောသည် ခေတ္တမျှ ရပ်တန့်သွားပြီးမှ ရှီနင်၏ မေးခွန်းများကို တစ်ခုချင်းစီ ဖြေကြားလေတော့သည်။

ရှီနင်က နားထောင်ပြီး တစ်ခုချင်းစီကို မှတ်သားထားလိုက်သည်။

တစ်နာရီနီးပါး ကြာပြီးနောက် ရှီနင်သည် သူသိလိုသော အသေးစိတ်အချက်အလက်အားလုံး

ကို မေးမြန်းခဲ့ပြီး သူလိုချင်သော အဖြေများ အားလုံးကို ရရှိခဲ့လေသည်။

'မေးစရာ ဘာမှမကျန်တော့လောက်ပါဘူး...'

ဖုန်းချန်ကောထံမှ အသုံးဝင်သောအရာ မရှိတော့ကြောင်း အတည်ပြုပြီးနောက် ရှီနင်က လက်ကို ဝှေ့ယမ်းလိုက်ရာ အစစ်အမှန်ချီစီးကြောင်းတစ်ခုက သူ့ခေါင်းကို ဖောက်ဝင်သွားလေတော့သည်။

လက်ရှိ ဖုန်းချန်ကောသည် သာမန်လူသားနယ်ပယ်တွင်သာ ရှိနေသေးသဖြင့် ရှီနင်၏ တိုက်ခိုက်မှုကို မကာကွယ်နိုင်ခဲ့ချေ။

'ဖုန်းချန်ကောကို ရှင်းလင်းပြီးပြီ။ နောက်ထပ်ငါလုပ်ရမှာက သူ လျှို့ဝှက်နယ်မြေကနေရလာတဲ့ အရာတွေအားလုံးအပြင် သူ့ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေကိုပါ သိမ်းယူဖို့ပဲ'

ရှီနင်သည် အခင်းဖြစ်ပွားရာ နေရာကို

ရှင်းလင်းပြီးနောက် ဖုန်းချန်ကော၏ သိုလှောင်ခန်းကို စတင် ရှာဖွေလေတော့သည်။

မကြာမီတွင် ရှီနင်သည် ထိုနေရာကို ရှာတွေ့သွားပြီး သူလိုအပ်သော အရင်းအမြစ်များကို စတင် ရှာဖွေလေသည်။

'ဆေးလုံးတွေနဲ့ ဝိညာဉ်ဆေးပင်တွေက အရမ်းနည်းတာပဲ၊ ဒါပေမဲ့ ဘာမှမရှိတာထက်တော့ ကောင်းပါတယ်လေ...'

ထိုရှာဖွေမှုမှ ရှီနင်သည် စွမ်းအင်ယူနစ် ၂၀၀၀၀ ကျော် ရရှိခဲ့လေသည်။

***